## (၁၀) ဘက်တီးရီးယားရွက်ခြောက်ရောဂါ (Bacterial common blight)

**ရောဂါဖြစ်စေသောသက်ရှိ - *Xanthomonas axonopodis* pv. *phaseoli* (Smith 1897) Vauterin et al. 1995**

### ရောဂါလက္ခဏာများ

အရွက်၊အသီး၊ သီးကိုင်းနှင့်ပင်စည်တို့တွင် ကျရောက်နိုင်သည်။ အရွက်၏အောက် မျက်နှာပြင်တွင် အရွယ်ငယ်သော ရေစိုနာကွက် စတင်ဖြစ်ပေါ်သည်။ ယင်းရောဂါကွက် များ သည် တဖြည်း ဖြည်းကြီးမားကျယ်ပြန့်လာပြီး ပေါင်းစပ်သွားကာ အရွက် တစ်ရှူးသားများ သေသွားသည်။ ရေစိုနာ ကွက်၏ဘေးပတ်လည်တွင်အဝါရောင်တစ်သျှူး သားများဖြင့် ရစ် ဝိုင်းထားသည်။






### ကာကွယ်နှိမ်နင်းနည်းများ

- ရောဂါကင်းသောမျိုးစေ့ကိုသုံးပါ။ ခံနိုင်ရည်ရှိသောမျိုးကိုစိုက်ပါ။
- သီးနှံအလှည့်ကျစိုက်ပါ။
- ပေါင်းမြက်များနှင့် အခြားရောဂါခိုအောင်းနိုင်သော အပင်များအား ဖျက်ဆီးပစ်ပါ။
- အပူချိန် (၅၂)ဒီဂရီစင်တီဂရိတ်ရှိသော ရေနွေးထဲ၌ မျိုးစေ့များကို (၂၀)မိနစ်ကြာ စိမ်ပြီးမှ စိုက်ပါ။
- ရောဂါကျရောက်ပါက Copper ပါသောဆေး(သို့) Kasugamycin (ကာစူဂါမိုင်စင်) ဆေးများ အသုံးပြုပက်ဖျန်းပါ။